# မိုလိုတော့ဗ်

အတွဲ ၂
အမှတ် ၇

ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၉၆)ရက် ရှိပါပြီ။ ဩဂုတ်၊ ၂၀၂၁

ဒီတပတ် မိုလိုတော့ဗ်ရဲ့ စာမျက်နှာနံပါတ်တိုင်းကို

## ၄၄

အဖြစ် ဂုဏ်ပြုဦးညွှတ် မော်ကွန်းတင်အပ်ပါတယ်။

> "လမ်းတူသူများချင်းသာ
> ဒက်ရာကိုပြုစု
> သွေးတိတ်အောင်ကုသလို့
> ဒို့နောက်ကလူတွေလည်း
> သတိရနေကြဦးတော့မယ်..."
>
> အောင်ချိမ့်

# မြစ်များ

● ကိုဘအုန်း



ညကငါ ဘောလုံးပွဲကြည့်ရင်း
တွေးမိတယ်
ဥရောပစစ်မျက်နှာမှာ
အားကစားပြိုင်ပွဲတွေပဲရှိတော့တာလား

သူတို့ကျောင်းသားတွေက
ကမ္ဘာကျော်အားကစားပြိုင်ပွဲတွေကြည့်ပြီး
ပျော်ရွှင်ကြ
ဝမ်းနည်းကြ

ငါတို့ ကျောင်းသားတွေက
စစ်ပွဲသတင်းတွေ ဖတ်နေရ
ကတုတ်ကျင်းထဲမှာ အိပ်နေကြ

သူတို့ ကျောင်းသားတွေက
ပြိုင်ကားလှလှလေးနဲ့ ကျောင်းတက်ကြ

ငါတို့ ကျောင်းသားတွေက
အချုပ်ကားထဲက လက်တွေပြ
သူတို့ကျောင်းသားတွေက
မာရီဝါးနားဆွဲပြီးကျောင်းသွားကြ
ငါတို့ကျောင်းသားတွေက
ဆေးမှုနဲ့ ထောင်ကျကြ

သူတို့ကျောင်းသားတွေက
ဆော့ဖ်ဝဲတွေတီထွင်ကြ
ငါတို့ကျောင်းသားတွေက
ခဲတံတွေချွန်နေကြ

မီးလောင်လွယ်တဲ့ပစ္စည်းစာရင်းထဲမှာ
အချစ်လည်းပါတယ်

တောမီးကို
တောမီးနဲ့ပဲပြန်ငြိမ်းရတယ်

လေတင်ရာအရပ်မှာ
ရန်သူက အနံ့ခံကောင်းတယ်

အန္တရာယ်များတဲ့မြစ်တွေက
ကမ္ဘာပေါ်မှာ အလှဆုံးပဲ။ ။

● ကိုဘအုန်း

# အမှောင်ထဲကရေးလိုက်တဲ့ ဒဏ်ရာကဗျာ

နေလင်းကို



တိတ်ဆိတ်ခြင်းအသံက
ဆွေးဆွေးလျလျ။

တဆစ်ဆစ်ကိုက်ခဲနေတဲ့
နာကျင်ဒဏ်ရာ ဗရပွနဲ့
ညလေ။

တချက်တချက်ကြားရတဲ့
သံချောင်းခေါက်သံတွေက
အလွမ်းကို ဒီရေ ပိုပိုတိုးစေရဲ့။

ပျော်ရွှင်မှုဆိုတာကတော့
ကမ္ဘာရဲ့ ဟိုအဝေးတဖက်မှာ
ကျနေတဲ့ နေခြည်နုပါပဲ။

အိမ်ပြန်ချင်တယ်
မေမေရယ်။

သံတိုင်နီနီနဲ့
နံရံဖြူရဲ့ အကြည့်တွေကလည်း
အေးစက် စိမ်းကား။


မနက်ခင်းဆီသွားဖို့
တွန်းဖွင့်တဲ့ တံခါး
မပွင့်သေးဘူးလား။

● နေလင်းကို
(မတရားဖမ်းဆီးခံ ကျောင်းသားပြည်သူများသို့)

# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း-၁၈

× ဘိုးဒေါင်း ×




ဒီတပတ်တော့ ဆွန်ဇူးရဲ့ စစ်အောင်ခြင်းတရား (၅)ပါးနဲ့ စလိုက်ကြရအောင်။ ဆွန်ဇူးအလိုအရတော့ စစ်ဦးစီးမှူးဟာ စစ်အောင်ခြင်းတရားငါးမျိုးကို သိထားဖို့လိုပါသတဲ့။ စစ်သူကြီး (သို့မဟုတ်) စစ်ဦးစီးမှူးရဲ့ သိခြင်းနဲ့ ရှိခြင်း(၅)မျိုးကို ပြောတာ။

ဦးစွာပထမကတော့ ကိုယ်တိုက်ခိုက်ရမယ့် ရန်သူအခြေအနေနဲ့ပတ်သက်ပြီး တိုက်လို့ရနိုင်ခြေရှိခြင်းနဲ့ မရှိခြင်းကို ကြိုသိထားဖို့လိုတယ်လို့ ဆိုပါတယ်။ တနည်း တိုက်လို့ရခြင်းမရခြင်းကို သိရမယ်။ ဒါကို "သိခြင်း" တပါးလို့ခေါ်တယ်။

ဒုတိယသိခြင်းကတော့ တပ်အင်အားနည်းခြင်းနဲ့ တပ်အင်အားများခြင်းအပေါ်မှာ မတူတဲ့နည်းနာကို ဘယ်လို သုံးစွဲမလဲဆိုတာ သိနေရမယ်။ အဲ့ဒါကိုသိရင်၊ အဲ့ဒါကိုရွေးချယ်သုံးစွဲတတ်ရင် အောင်ပွဲရနိုင်တယ်လို့ ဆိုပါတယ်။ ဒါက "သိခြင်း"တခုပေါ့။ တပ်အင်အားနည်းခြင်း၊ များခြင်းဆိုတာ ရန်သူအင်အားနဲ့ကိုယ့်အင်အားကို နှိုင်းရသဘောနဲ့ သုံးသပ်ကြရမှာပါ။ ဒါကတော့ တပ်မှူးတဦးချင်းစီရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေးနဲ့ ဆိုင်တယ်။

တတိယအချက်ကတော့ အထက်အောက်အဆင့်ဆင့် စစ်သည်ဗိုလ်ပါ အပေါင်းအစုတတပ်လုံးဟာ တစိတ်တည်း တဝမ်းတည်းရှိနေရင် အောင်ပွဲရနိုင်တယ်လို့ ဆိုပါတယ်။ ဒီနေ့တော်လှန်ရေးအင်အားစုအားလုံးမှာ "စစ်အာဏာရှင် အမြစ်ဖြုတ်ရေး"ဆိုတဲ့ တစိတ်တည်း တဝမ်းတည်းစိတ်တော့ရှိကြတယ်။ ဒါပေမဲ့ ခေါင်းဆောင်မရှိ၊ အဆင့်ဆင့်စီးဆင်းမှုမရှိလို့ မရဘူး။ စစ်ရေးဟာ စစ်ရေးပဲဖြစ်တယ်။ အမိန့်နာခံမှုနဲ့ တစည်းတလုံးတည်းရှိကြရပါမယ်။ ငါတို့အားလုံး ခေါင်းတွဲချည်းပဲ ဆိုတာမျိုး လုပ်လို့မရနိုင်။ ဒါက "ရှိခြင်း"တပါးပါ။

စတုတ္ထအချက်ကတော့ ကြိုတင်ပြင်ဆင်မှုရှိခြင်း၊ မရှိခြင်းနဲ့ ဆိုင်ပါတယ်။ ပြင်ဆင်မှုမရှိတဲ့ ရန်သူတပ်ကို ပြင်ဆင်မှုရှိတဲ့ ကိုယ့်တပ်နဲ့ တိုက်ရင် အောင်မြင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီအချက်ကတော့ "ဘယ်တပ်က မပြင်ဆင်ဘဲနဲ့ တိုက်ပွဲမလားလို့" စောဒကတက်စရာ ရှိပါတယ်။ ကိုယ့်တပ်ကို အမြဲနိုးကြားပြီး အသင့်အနေအထား ဖြစ်နေဖို့အတွက် လေ့ကျင့်မှုကစလို့ ဘယ်လိုနည်းနာနဲ့ တိုက်မယ်ဆိုတဲ့အထိ အသေးစိတ် ပြင်ဆင်ကြရမှာပါ။ အဲ့လိုပြင်ဆင်ရင်း ရန်သူဘက်က ပေါ့ပေါ့ဆဆမြင်အောင် ပရိယာယ်ဆောင်သင့်ရင် ဆောင်ကြရမှာပါ။ ဒါတွေက တပ်မှူးတဦးချင်း စွမ်းဆောင်ရည်နဲ့လည်း ဆိုင်တယ်။ ဒါဟာလည်း "ရှိခြင်း" တပါးပါ။

ပဉ္စမအချက်ကတော့ စစ်သူကြီး ဒါမှမဟုတ် စစ်ဦးစီးမှူးတယောက်အတွက် လွတ်လပ်စွာဆုံးဖြတ်ချက်ရှိခြင်း မရှိခြင်းပါပဲ။ စစ်ဦးစီးမှူးဟာ အရည်အချင်းရှိပြီး အထက်အဖွဲ့အစည်းရဲ့ ကန့်သတ်ထိန်းချုပ်တာမျိုး ကင်းဖို့လိုတယ်။ ဒါဟာ "ရှိခြင်း"တပါးပဲ။ လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိဖို့ပဲ။

ဒါဟာ စစ်အောင်ခြင်းတရားငါးပါးပဲ။ ဒီ "ရှိခြင်း(၃)မျိုး"နဲ့ "သိခြင်း(၂)မျိုး"ဟာ စစ်ဦးစီးမှူးအတွက် မသိလို့မဖြစ်ဘူး။ ဒီအချက်(၅)ချက်ကိုသိရင် စစ်အောင်နိုင်ရုံသာမက စစ်သည်တော်တို့အတွက် အခက်အခဲမရှိစေဘူး။ ဘေးကျပ်နံကျပ်ကြုံရတာမျိုး မဖြစ်ဘူး။

ဒါကြောင့် ဆွန်ဇူးက ဒီ ၃ ချက် ဆိုထားတာပါ။

"ရန်သူအကြောင်းသိပြီး ကိုယ့်အကြောင်းလည်းသိသူဟာ စစ်ပွဲ ၁၀၀ တိုက်လည်း ဘေးကျပ်နံကျပ် မဖြစ်ဘူး။"

"ရန်သူအကြောင်းမသိ။ ကိုယ့်အကြောင်းပဲသိသူဟာ အနိုင်အရှုံးမှာ သူတပွဲကိုယ်တပွဲ၊ တဝက်စီပဲ ဖြစ်မယ်။"

"ရန်သူ့အကြောင်းလည်းမသိ။ ကိုယ့်အကြောင်းလည်းမသိသူဟာ တိုက်ပွဲတိုင်းမှာ ဘေးကျပ်နံကျပ် ချည်းပဲ ကြုံရလိမ့်မယ်။"

ရန်သူအကြောင်းသိရေးနဲ့ ကိုယ့်အကြောင်း(ကိုယ့်တပ်အကြောင်း)သိရေး ဘယ်လောက်အရေးပါလဲဆိုတာ သတိပြုမိကြပြီ ထင်ပါတယ်။

တကယ်တော့ စစ်ပွဲတပွဲရဲ့ အနိုင်အရှုံးဆိုတာ အကြောင်းအချက်များစွာက ဆုံးဖြတ်တာပါ။ ဒါကြောင့် "ဒီအချက် (၅) ချက်ဟာ အောင်ပွဲ အနိုင်အရှုံးဆိုတာထက် သိခြင်း၊ မသိခြင်း၊ ရှိခြင်း၊ မရှိခြင်းက ဘေးဒုက္ခမတွေ့ဖို့နဲ့ အကျပ်အတည်း မရောက်ဖို့ကို အဓိကထားတယ်"လို့ နားလည်ရမှာပါ။

ကဲ ... ဒီတပတ်တော့ စစ်သည်တယောက်အတွက် "သိခြင်း(၂)မျိုး" နဲ့ "ရှိခြင်း(၃)မျိုး"ကို နားလည်သဘောပေါက်ပြီး အသေအချာ အကဲဖြတ်တတ်ရင် ဘေးကျပ်နံကျပ် ဘယ်တော့မှမဖြစ်စေတဲ့အကြောင်းကို ဆိုရင်းနဲ့ ရပ်နားလိုက်ရအောင်။

နောက်တပတ် ဆုံကြသေးတာပေါ့။

ရဲဘော်တို့ရဲ့ တရားသောစစ် အောင်မြင်ပါစေ။

● ဘိုးဒေါင်း




ယခင်အပတ်မှ အဆက်။

အခန်း(၁)

၂။ တော်လှန်ရေး အခြေခံသဘောတရား–(က)ဆန့်ကျင်ခြင်း၊ (ခ)ဖီဆန်ခြင်း၊ (ဂ)တွန်းလှန်ခြင်း၊ (ဃ)ပုန်ကန်ခြင်း ။

(က) ဆန့်ကျင်ခြင်း

ဆန့်ကျင်ခြင်းဟာ သူပုန်သူကန်တော်လှန်ရေးရဲ့ အခြေခံ အသက်သွေးကြောတော်လှန်ရေး ဖြစ်ပါတယ်။ ဆန့်ကျင်ခြင်း အမျိုးမျိုးရှိပါတယ်။ အာဏာရှင်ရဲ့ အခြိမ်းအခြောက်အာဏာကို အနှောင့်အယှက်ဖြစ်အောင်နဲ့ မိမိတို့ရဲ့မလိုလားခြင်းကို ပြသမှုအမျိုးမျိုးဟာ ဆန့်ကျင်ခြင်းများ ဖြစ်ပြီး၊ အသေးအမွှားဖြစ်လင့်ကစား "မျက်လုံးထဲဝင်တဲ့ မြူမှုန်" က သေးသလောက် နေရခက်စေပါတယ်။

မိမိတို့ရဲ့ လုပ်နိုင်ကိုင်နိုင်သော ပမာဏဟာ မကြီးပေမဲ့ မထိရောက်လောက်ဘူးလို့ အတွေး ဗျာမများဖို့ လိုပါတယ်။ ဘယ်လောက်ပဲသေးနေပါစေ ဆန့်ကျင်ခြင်းဟူသမျှဟာ ထိရောက်ပါတယ်။ တဦးတယောက်တည်း ဆန့်ကျင်ခြင်းဟာ အားမရှိသလိုဖြစ်ပေမဲ့၊ တသီးပုဂ္ဂလဆန္ဒကို ဖော်ထုတ်ပြနိုင်ခြင်းကပင် မိမိရဲ့လွတ်လပ်ရေးကို လိုလားသော တောင့်တမှု ဆန္ဒပြနိုင်ခြင်းပါ။ အစုအဖွဲ့လိုက် ဆန့်ကျင်ပြခြင်းဟာ မိမိတို့ရဲ့ လွတ်လပ်ရေးတန်ဖိုးကို နားလည်ကြစေဖို့ အသိပေးခြင်း ဖြစ်ပါတယ်။ ပြည်သူတရပ်လုံး ဆန့်ကျင်ပြမှုဟာ အာဏာရှင်များအတွက် အခြိမ်းအခြောက်အာဏာကို ရုပ်ပျက်အောင် လုပ်နေခြင်းဖြစ်ပြီး ယင်းတို့ရဲ့ အုပ်ချုပ်မှုယန္တရားဟာ တန်ပြန်ခြိမ်းခြောက်ခံနေရသလို ဖြစ်သွားစေနိုင်ပါတယ်။

ဒါဟာ တော်လှန်ရေး ဖြစ်ပါတယ်။ တော်လှန်ရေးဟာ သတ္တိရှိဖို့လိုသလို၊ အသိဉာဏ်ယှဉ်နိုင်ဖို့လည်း လိုပါတယ်။ ဆန့်ကျင်ခြင်းဟာ ဉာဏ်နဲ့ယှဉ်ပြီး ထိရောက်တဲ့တိုက်ခိုက်မှုတရပ်ဖြစ်အောင် သုံးသပ်ပြီး ဆန့်ကျင်နိုင်ကြပါစေ။

(ခ) ဖီဆန်ခြင်း

အခြိမ်းအခြောက်အာဏာကို ဖီဆန်ခြင်းဟာ အာဏာရှင်များရဲ့ အုပ်စိုးမှုယန္တရားကို လဲပြိုအောင်

ဖြိုခွင်းနေခြင်း ဖြစ်ပါတယ်။ အာဏာဖီဆန်ခြင်း အလေ့အထဟာ ခေတ်အဆက်ဆက်မှာ တွင်ကျယ်ခဲ့တဲ့ တော်လှန်ရေး နည်းဗျူဟာတခုဖြစ်သလို ဗျူဟာပိုမိုတွင်ကျယ်အောင် အမေရိကန် အတွေးအခေါ်ပညာရှင် သဘာဝသမားကြီး Henry David Thoreau က တွေးခေါ်မှုကို လမ်းစမျိုးစေ့ချခဲ့ပါတယ်။ အာဏာဖီဆန်ခြင်းဟာ အုပ်ချုပ်သူတိုင်း အတွက် မျက်လုံးကိုမြူမှုန်ကျတာမျိုးထက် တုတ်နဲ့ထိုးခံနေရသလိုဖြစ်အောင် လုပ်နိုင်ပါတယ်။

အာဏာဖီဆန်ခြင်းဆိုတာက အုပ်ချုပ်သူအစိုးရအပေါ် အုပ်ချုပ်ခံလူထုတရပ်လုံးက လက်သင့်မခံကြောင်း ပြတဲ့ အထိရောက်ဆုံးသော တော်လှန်ပုန်ကန်မှုဖြစ်ပါတယ်။ အာဏာဖီဆန်မှုဆိုတာက မိမိတို့လက်မခံတဲ့အုပ်ချုပ်သူ ရဲ့ အမိန့်အာဏာဟူသမျှကို ဂရုမစိုက်ခြင်း၊ မလေးစားခြင်းနဲ့ မလိုက်နာခြင်း ဖြစ်ပါတယ်။

ရှင်းရှင်းပြောရရင် အနိုင်အထက်အာဏာနဲ့ ပေးလာသမျှအမိန့်တွေကို လက်မခံခြင်းအပြင်၊ ဂရုမစိုက်ခြင်း ဖြစ်ပါတယ်။ မိသားစုတခုမှာ ဖခင်ဖြစ်သူက သူ့သားသမီးတွေကို မိခင်ဖြစ်သူအပေါ် ရိုက်နှက်ဖို့ အမိန့်ပေးတာ ကို သားသမီးတွေက နားမထောင်ဘဲ နေမြဲနေကြတာနဲ့ တူပါတယ်။ ဒါဟာ အာဏာဖီဆန်ခြင်း ဖြစ်ပါတယ်။ အာဏာ ဖီဆန်လေလေ အနိုင်အထက်အာဏာအတုဟူသမျှ အသက်ဝင်မှု အားနည်းလေလေ ဖြစ် ပါတယ်။

"အာဏာဖီဆန်ခြင်းဆိုတာက အုပ်ချုပ်သူအစိုးရရဲ့ ဝန်ကိုမထမ်းခြင်းထက်ပိုပါတယ်။" အစိုးရလုပ်ငန်း မလည်ပတ်ခြင်းလောက်နဲ့တင် အနိုင်အထက်အာဏာက အားယုတ်လျော့သွားမှာ မဟုတ်ပါဘူး။ အမိန့် အာဏာ တိုင်းကို ပြည်သူတရပ်လုံးက ဂရုမစိုက်ခြင်းကသာ အာဏာဖီဆန်ခြင်းကို ထိရောက်စွာ ပြုလုပ်နိုင်ခြင်း ဖြစ်မှာပါ။

ကျူးဘားအာဏာရှင်လက်ထက်က ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားပေမဲ့ ပြည်သူလူထုဟာ ဂရုမစိုက် ဘဲ ကျူးဘားမြို့သူမြို့သားတိုင်း မြို့ပြလမ်းမတွေပေါ် ထွက်ပြီး စားပွဲသောက်ပွဲများကို ရက်ဆက်ကျင်းပလိုက် ကြပါတယ်။ ဒါကြောင့် ဥပမာပေးတဲ့အနေနဲ့ ဗိုလ်ချုပ်တွေဟာ လမ်းပေါ် ထွက်ပြီး ကျပန်းဖမ်းဆီးရသမျှ ပြည်သူ တွေကို လမ်းမပေါ်တင် သေနတ်ထုတ် ပစ်သတ်ပြပါတယ်။ ကျူးဘားလူထုဟာ အသည်းနာကြပေမဲ့ ရပ်နေတဲ့ လမ်းမပေါ်က နေရာမရွှေ့ကြဘဲ ပစ်သတ်လိုက်မှုကို ကြည့်နေလိုက်ကြပါတယ်။ မိမိတို့ရဲ့အသက်ဘေးကို ထိပါး နိုင်တာ သိကြသလို၊ သေရာမှာကို ကြောက်ကြပေမဲ့ အာဏာကိုဖီဆန်သောအားဖြင့် တဦးတယောက်ကမှ လမ်းမ ပေါ်ကနေ ထွက်ပြေးကြခြင်းမရှိပါဘူး။

အာဏာရှင်များနဲ့ အပေါင်းအပါများက ပိုပြီးခြိမ်းခြောက်မှုတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်သတ်ပါတယ်။ ဘယ်လောက်ပဲ ပစ်သတ်ပါစေ၊ ပြည်သူတွေက လုံးဝဂရုမစိုက်ဘဲ နေမြဲနေကြပြီး အာဏာကို ဆက်လက်ဖီဆန် ကြပါတယ်။ နောက်ဆုံး ညမထွက်ရအမိန့်ဟာ အနိုင်အထက်အာဏာအရ အမိန့်သာရှိပေမဲ့ လိုက်နာသူ မရှိသလို ဖြစ်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ အာဏာရှင်ရဲ့ နောက်လိုက်အပေါင်းအပါများက ခြိမ်းခြောက်တဲ့ အနေ နဲ့ လူတွေကို နေ့ရောညပါ ပိုသတ်လာကြပါတယ်။ ကျူးဘားလူထုဟာ သူတို့ရဲ့ကြောက်ရွံ့စိတ်ကို ရွံမုန်း စိတ်နဲ့အတူ အာဏာကို ဆက်လက်ဖီဆန်ခဲ့ကြပါတယ်။

အာဏာရှင်များဟာ သူတို့ရဲ့ အနိုင်အထက်အာဏာအပေါ် ထိပါးလာလေလေ၊ ပိုပြီး ဖြဲခြောက်လေ လေပါ။ ပြည်သူကို ပိုကြောက်အောင် လုပ်တတ်ကြပါတယ်။ ကျူးဘားပြည်သူတွေက ဒါကို နားလည်တဲ့အတွက် အနစ်နာခံစတေးရမှာကို သိကြပေမဲ့လည်း အသက်ကိုပဓာနမထား၊ ပြည်သူတရပ်လုံးရဲ့ လွတ်လပ်ရေးကို ဦးစားပေး ကြပြီး ဆက်လက်ဖီဆန်ခဲ့ကြပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ အာဏာရှင်ကို ဖြုတ်ချနိုင်ခဲ့ကြပါတယ်။

နောက်တပတ်ဆက်ရန် ...။

● မောရိသျှ

# လမ်းမတွေမှာအော်ပြဲ

* ဂမ်းမောင်

လမ်းမတွေပေါ် ရောက်တဲ့အခါ
လျှောက်နေကျ စကားသံတွေ ကြားရတယ်။
အိပ်မက်တွေက လူငယ်တွေ နောက်လိုက်တယ်တဲ့။
သွားရတဲ့လမ်းတလျှောက် ကားသံတွေ၊ လူများ၊ လမ်းများ
ပေါ် မှအသံတွေ သီးခြားစီ ပွင့်အံလာတဲ့ တီးတိုးသံများ
အိမ်တံခါးဝဆီ တတောက်တောက်။ ရောမမျက်နှာပြင်ဆီ
က ရေပွက်တွေ၊ ပလေတိုရဲ့ "သမ္မတ နိုင်ငံတော်"ဆီသို့
မြစ်ဆိပ်က နွားခြေရာခွက်တွေဆီ မျက်နှာမူ ကြည့်ဖူးလား။
ကလေးတယောက်ကပြောတယ် "ဗိုက်ဆာတယ် အစ်ကို"
တဲ့။ ရေးလက်စတွေချ၊ နေရောင်ဆီက ပုစွန်ဆီရောင်
အိပ်မက်တွေ ပြန့်ကျဲလာတယ်။ ဘဝက ရေးလက်စစာရွက်
တွေ ဈေးကျလာလို့ လမ်းမတွေပေါ် ခြေနင်းခုံတွေ အရည်
ဖျော်သောက်တဲ့ ဆိုက်ကားဆရာရဲ့ ညနေခင်းလောက်
မယိမ်းယိုင်ခဲ့။

မြေပြင်ပေါ် သစ်ရွက်စတို့ ကြွေလွင့်ပြီးနောက်
လက်သီးတွေ ကျစ်ကျစ်ဆုပ်ထားသူတွေရဲ့အသံဟာ နှလုံး
အိမ်တွေ နွမ်းလျလို့။

ကဗျာဆရာတယောက်က "ကမ်းနားတွေသိပ် လှ
တယ်"တဲ့။ ရေပြင်ပေါ် မျောနေတဲ့ဗေဒါတွေရဲ့တိတ်တဆိတ်
ငိုသံတွေ သူမကြားမိဘူး။

"ရန်ကုန်က အသံတိတ်တယ်၊ မီးရောင်တွေ
သိပ်များတာပဲ"လို့ ရီဝေဝေမျက်လုံးတွေနဲ့ လူငယ်လေး
က ပြောတယ်။ အရွယ်တခုရောက်နေမှ အလံထောင်
ပြတဲ့အကိုတယောက်ကတော့ "ပွဲသိမ်းပဲ"တဲ့။

စကားသံတွေ မဆုံးသေးဘူး။ ပြီး ...
အလွတ်ကြီးထဲ ခုန်ချပြီး ရန်သူဟာ သိပ်ရက်စက်
တယ်လို့ သတိပေးသွားရဲ့။





● ဂမ်းမောင်

မိုးလိုတောင်




မြန်မာပြည်မှာ ဖေဖော်ဝါရီလ ၁ ရက်နေ့ ဖက်ဆစ်တွေ အာဏာသိမ်းလိုက်ပြီးတဲ့ အချိန်ကစပြီး နွေဦးတော်လှန်ရေးခရီးရှည်ကို နှင်လာကြတာ ခြောက်လကျော်လာခဲ့ပြီ။ တော်လှန်ရေးကာလ အချိုးအကွေ့များစွာကို ဖြတ်သန်းလာခဲ့ကြပြီးပြီ။

ဆန္ဒပြပွဲတွေဟာ ပြည်သူက ပြည်သူကို ခံစစ်စည်းတွေတားပြီး ကာကွယ်စောင့်ရှောက်ရင်းခဲ့ကြတဲ့ ပြည်လုံးကျွတ် ဆန္ဒပြပွဲတွေကနေ နောက်ဆုံး အခုလက်ရှိမှာ ပြောက်ကျားသပိတ်တွေဆီသို့ ပြောင်းလဲလာပါတယ်။ တဖက်မှာလည်း အကြမ်းမဖက်လှုပ်ရှားမှုအတွင်း ဖက်ဆစ်စစ်ခွေးတွေရဲ့ ဖိနှိပ်ဖမ်းဆီး သတ်ဖြတ်မှုတွေက ကြီးမားလာတာကြောင့် လက်နက်အားကိုးနဲ့ ရမ်းကားအနိုင်ကျင့်တဲ့ ဖက်ဆစ်တပ်ကို လက်နက်ဖြင့်သာ တော်လှန်ဖြုတ်ချနိုင်လိမ့်မယ်ဆိုပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို အကောင်အထည်ဖော်လာကြတာလည်း အားလုံးသိပြီးဖြစ်ပါတယ်။

အစောပိုင်းကာလ ဆန္ဒပြပွဲတွေမှာ ပြည်လုံးကျွတ်အနေအထားနဲ့ ပြည်သူတရပ်လုံး ပူးပေါင်းပါဝင် လာခဲ့ကြပေမဲ့ တော်လှန်ရေးရေချိန် မြင့်လာတာနဲ့အမျှ တော်လှန်ရေးမှာပါဝင်ကြပုံ အနေအထားက ကွဲပြားလာပါတော့တယ်။ တော်လှန်ရေးဟာ လူတန်းစားအားလုံး၊ လူထုအားလုံးလွတ်မြောက်ရေးကို ရည်ရွယ်ပေမဲ့ တော်လှန်ရေးမှာ ပါဝင်ကြပုံကိုလိုက်ပြီး ယေဘုယျအားဖြင့် (၁)တော်လှန်ရေးကို ဖော်ဆောင်လှုပ်ရှားကြသူများ၊ (၂) တော်လှန်ရေး အတွက် ထောက်ပံ့ပေးတဲ့သူများ၊ (၃)တော်လှန်ရေးကိုထောက်ခံတဲ့ သာမန်ပြည်သူလူထု ဆိုပြီး ၃ မျိုးခွဲခြားနိုင်ပါတယ်။

ဆောင်းပါး

ယနေ့ တော်လှန်ရေးကို ဖော်ဆောင်ကြတဲ့သူတွေထဲမှာ PDF တွေ၊ မြို့ပြဖောက်ခွဲသုတ်သင်ရေးသမားတွေ၊ အကြမ်းမဖက်သပိတ်တိုက်ပွဲဝင်နေကြတဲ့သူတွေ၊ CDMer တွေနဲ့ NUG အစရှိသဖြင့် ပါမယ် (EAO တွေကတော့ မင်းအောင်လှိုင်စစ်တပ် အာဏာမသိမ်းခင်ကတည်းက တော်လှန်ရေးအတွက် တိုက်ပွဲဝင်နေခဲ့ကြသူတွေမို့ ဒီနေရာမှာ သီးသန့်မဖော်ပြခြင်းပါ)။ တော်လှန်ရေးဖော်ဆောင်သူအားလုံးဟာ သူ့နေရာနဲ့သူ အရေးပါကြပြီး တဦးချင်းစီ ရင်ဆိုင်နေတဲ့ အန္တရာယ်ဟာ မသေးလှပါဘူး။ အန္တရာယ်ကြီးပုံချင်းသာ ကွာတာပါ။ သူတို့ဟာ အသက်နဲ့ ရင်း၊ ဘဝနဲ့ရင်းရတဲ့သူတွေပါ။

ဒါပေမဲ့ လက်နက်ကိုင်တော်လှန်ရေးကို ရွေးချယ်ခဲ့ကြပြီးမှ အသက်နဲ့ရင်းပြီး လက်နက်ကိုင်တော်လှန်နေကြတဲ့ ရဲဘော်များအနေဖြင့် လိုအပ်တဲ့၊ လုံလောက်တဲ့ အထောက်အပံ့တွေ မရကြဘူးဆိုတာကတော့ အတော်ဝမ်းနည်းဖို့ ကောင်းတဲ့ကိစ္စပါ။ တော်လှန်ရေးမှာပါဝင်ကြသူတိုင်း လက်နက်ကိုင်တိုက်ပွဲဝင်ကြဖို့ မတတ်နိုင်ဘူးဆိုတာဖြစ်သင့်ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်ပြီးတော်လှန်ဖို့ ရွေးချယ်ခဲ့ကြပြီးမှ လက်နက်မရှိ၊ လက်နက်ဝယ်ဖို့၊ စားဖို့သောက်ဖို့၊ ဆေးဝါးဖိုး ငွေမရှိတဲ့အဖြစ်တွေဟာ တော်လှန်ရေးမှာပါဝင်ကြတဲ့ ထောက်ပံ့သူတွေနဲ့ ထောက်ခံသူတွေရဲ့ လိုအပ်မှုကြောင့်ပဲ။

ဒီနေရာမှာ ကြုံတုန်းပြောချင်တာက အထူးသဖြင့် မြို့ပြပြောက်ကျားအဖွဲ့အစည်းတချို့ ဖမ်းဆီးခံရတဲ့အဖြစ်တွေမှာ ဒလန်သတင်းပေးကြောင့်တို့ဆိုတာတွေ အတွေ့ရများနေတယ်။ ပြောက်ကျားဖြစ်တဲ့အတွက် သာမန်ပြည်သူနဲ့ကွဲထွက်တဲ့ ဝတ်စားဆင်ယင်မှု၊ နေထိုင်သွားလာမှုမျိုးကို ရှောင်ရှားရမှာဖြစ်ပါတယ်။ ဒလန်ဟာ အချိန်တိုင်းနေရာတိုင်းမှာ ရှိနေနိုင်တာဖြစ်လို့ မိမိဟာပြောက်ကျားတယောက်ဆိုတာကို ဒလန်သတိမထားမိအောင် အနေအထိုင်ပိရိဖို့လိုပါတယ်။ မသက်ာစရာဖြစ်မနေရပါဘူး။ အတွင်းသူလျှိုကြောင့်၊ စုံစမ်းထောက်လှမ်းမှုကြောင့်မဟုတ်ဘဲ သာမန်ဒလန်ကြောင့် ကိုယ့်ရဲ့လှုပ်ရှားမှုအကြောင်း သိသွားတယ်ဆိုရင် နေထိုင်လှုပ်ရှားမှုပုံစံမှာ အားနည်းချက်ရှိနေလို့ပါ။ ဒါပေမဲ့ အားနည်းချက်တွေဟာ အထောက်အပံ့မလုံလောက်တဲ့ အခြေခံအကြောင်းအရင်းကြောင့် ဖြစ်လာရတာလည်း ရှိပါတယ်။ တချို့ မြို့ပြတော်လှန်ရေးတပ်သားတွေဟာ တိုက်ခန်းတခုတည်းမှာ လူဦးရေများများနေရတာမျိုး၊ လုပ်ငန်းဆောင်တာ (Mission) တွေအတွက် သွားဖို့ရာမှာ Taxi ငှား သွားရတာမျိုးတွေ ရှိနေပါတယ်။ ဒါဟာ ဒလန်တွေ သတိထားမိလွယ်စေတဲ့ အကြောင်းတွေပဲ။

တော်လှန်ရေးတခုမှာ အလိုအပ်ဆုံးက "ငွေကြေး"ပါ။ လက်နက်ကိုင် တော်လှန်ရေးဖြစ်တဲ့အတွက် ပိုပြီးတော့ ငွေလိုပါတယ်။ မြို့ပြပြောက်ကျားရဲဘော်တဦးရဲ့ ပြောစကားကို ကိုးကားရရင် "လက်နက်မကိုင်နိုင်ရင် ငွေရှာ၊ လှူပါ။ တခြား ရွေးချယ်စရာမရှိဘူး"။ တော်လှန်ရေးဒုတိယတန်းစားဖြစ်တဲ့ ထောက်ပံ့ပေးသူတွေအနေနဲ့ တာဝန်ကျေဖို့လိုပါတယ်။ တော်လှန်ရေးတခုရဲ့ အဆင့်အမြင့်ဆုံးပူးပေါင်းပါဝင်မှုဖြစ်တဲ့ လက်နက်ဆွဲကိုင်တော်လှန်ဖို့ မတတ်နိုင်ရင် အနိမ့်ဆုံးအနေနဲ့ ထောက်ပံ့ပေးကြပါ။

ဒီရက်ပိုင်းမှာ အလှူခံဘဏ်အကောင့်အချို့နဲ့ ငွေပေးငွေယူအကောင့်တွေ ပိတ်ခံလိုက်ရလို့ တော်လှန်ရေးငွေ ဆုံးရှုံးမှုအချို့ရှိနေပါတယ်။ တော်လှန်ရေးငွေဟာ သာမန်ငွေထက် အဆပေါင်းများစွာ တန်ဖိုးပိုရှိတာဖြစ်လို့ ဆုံးရှုံးမှုက ကြီးမားပါတယ်။ ရန်သူဟာ အစွမ်းကုန်ယုတ်မာကောက်ကျစ်တဲ့ ဖက်ဆစ်တွေဆိုတာကို သိပြီးကြပြီပဲ။ ထောက်ပံ့ရာမှာလည်း အစစအရာရာ ဉာဏ်နဲ့ယှဉ်ပြီး ရန်သူမမြင်နိုင်တဲ့ လမ်းကြောင်းတွေရှာဖွေကြံဆဖို့လိုပါတယ်။

ထောက်ပံ့တယ်ဆိုတာ ငွေကြေးချည်းပဲတော့မဟုတ်ပါဘူး။ ကင်းထောက်လုပ်ပေးတာ၊ သတင်း အချက်အလက် စုဆောင်းပေးတာ၊ ဒလန်ဖော်ထုတ်တာ၊ CCTV မှတ်တမ်းတွေ ဖျက်ဆီးပေးတာ၊ ဆန္ဒပြပွဲအတွက်ဖြစ်ဖြစ် ဖောက်ခွဲမှုဖြစ်စဉ်အတွက်ပဲဖြစ်ဖြစ် စစ်ခွေး ရဲခွေးတွေ မြန်မြန်မရောက်လာနိုင်အောင် လမ်းပိတ်တာ၊ လမ်းပိတ်အောင်လုပ်တာ စသဖြင့် အများအပြားရှိပါတယ်။ ငွေကတော့အလိုအပ်ဆုံးတခုပေါ့။

နောက်ဆုံးအမျိုးအစားကတော့ တော်လှန်ရေးကို ထောက်ခံကြသူများပါ။ အာဏာရှင်ကိုတော့အလိုမရှိဘူး။ ဘာမှလည်းမလုပ်ဘူးဆိုတဲ့ အမျိုးအစားပါ။ ဒါဟာလည်း တော်လှန်ရေးတရပ်မှာ ရှိတတ်တဲ့သဘာဝပါပဲ။ ထောက်ခံရုံပဲတတ်နိုင်တဲ့သူတွေမှာ အကြောင်းအရင်းများစွာ ရှိပါလိမ့်မယ်။ အခြေခံအကြောင်းအရင်းကတော့ မစွန့်လွှတ်မစွန့်စားရဲတာပါပဲ။

အစောပိုင်းကာလမှာတော့ ပါဝင်ခဲ့ကြပေမဲ့ အန္တရာယ်များလာတာနဲ့အမျှ လက်လျှော့သွားတတ်ကြ၊ တွန့်ဆုတ်သွားတတ်ကြပါတယ်။ လူ့သဘာဝပါပဲ။ အပြစ်တင်ရှုတ်ချဖို့တော့ မလိုအပ်ပါဘူး။ အနည်းဆုံးတော့ အာဏာရှင်ကို အလိုမရှိတဲ့ တော်လှန်ရေးဘက်တော်သားတွေ ဖြစ်နေပါသေးတယ်။ သို့သော် တော်လှန်ရေးလူတန်းစားတွေဟာ ဘက်မျှဖို့လိုပါတယ်။ ထောက်ခံသူတွေချည်း စုပုံနေပြီး ထောက်ပံ့ပေးမှုနဲ့ တိုက်ပွဲဝင်မှုဘက်တွေမှာ အားနည်းရင် တော်လှန်ရေးဟာ ဇာတ်မျောကြီးဖြစ်နေပြီး အချိန်ကာလတွေ မကြာသင့်ဘဲ ကြာ၊ ဆုံးရှုံးမှုတွေ ပိုများသထက်များလာပြီး တော်လှန်ရေးကျရှုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ ထောက်ခံရုံအဆင့်မှာပဲ ရပ်တန့်နေသူတွေအနေနဲ့ သတိချပ်သင့်တာက တော်လှန်ရေးဟာ လူထုတရပ်လုံး လွတ်မြောက်ရေးအတွက်ပါ။ လူတန်းစားတရပ်တည်းအတွက်၊ အဖွဲ့အစည်းတခုတည်းရဲ့ အကျိုးအတွက် မဟုတ်ပါဘူး။ တော်လှန်ရေးအောင်ပွဲရဲ့ အကျိုးကျေးဇူးကို အားလုံးအတူတကွခံစားရမှာပါ။

အဲဒီတော့ ဟိုနေရာမှာဖောက်ခွဲလိုက်လို့ စစ်ခွေးဘယ်နှယောက်သေတယ်၊ ဘယ်တိုက်ပွဲမှာ PDF လေးတွေ အောင်ပွဲရတယ် ဆိုတာတွေမှာ ဝမ်းမြောက် ဂုဏ်ယူဖြစ်တာတွေ၊ ဘယ်ကလေးတွေတော့ အဖမ်းခံလိုက်ရပြန်ပြီ၊ ကျဆုံးသွားရတယ်ဆိုတာတွေမှာ ဝမ်းနည်းပက်လက်ဖြစ်တာတွေနဲ့တင် ဖီးလ်တက်ပြီး တော်လှန်ရေးလမ်းမဆုံးစေပါနဲ့။ ဝမ်းနည်းရမှုတွေရဲ့ အကြောင်းရင်းလက်သည်ဖြစ်တဲ့ တရားခံဖက်ဆစ်အာဏာရှင်ကို နာကျည်းမုန်းတီးပါ။ ဝမ်းမြောက်ဂုဏ်ယူစရာကိစ္စတွေ ပိုဖြစ်ပေါ်လာနိုင်ရေးအတွက်ကတော့ ကိုယ်တိုင်လက်နက်ကိုင်ပြီးမပါဝင်နိုင်ရင်တောင် အားပေးတဲ့အဆင့်မှာ ရပ်မနေဘဲ ကူညီထောက်ပံ့ပေးကြပါ။ ငွေကြေးတတ်နိုင်သူက ငွေကြေးထောက်ပံ့တာမျိုး၊ လိုအပ်ချိန်မှာ လမ်းတွေပိတ်ပေးတာမျိုး၊ စစ်ခွေး၊ ရဲခွေးတွေ တပ်စွဲ သွားလာလှုပ်ရှားမှုလမ်းကြောင်းတွေ ရယူသတင်းပို့တာမျိုး စသဖြင့် လုပ်ကြပါ။

ဒီလောက်တော့ အားထုတ်မှ တော်လှန်ရေးဆိုတာ အောင်ပွဲရမှာပါ။

နိဂုံးချုပ်အနေနဲ့ပြောရရင် တော်လှန်ရေးဟာ ပြည်သူလူထုတရပ်လုံး လွတ်မြောက်ရေးအတွက်ပါ။ အဲဒီတော့ တော်လှန်ရေးမှာ သင်ဟာ ဘယ်လိုပုံစံနဲ့ ပါဝင်နေသလဲ ဆန်းစစ်ပါ။ အသက်နဲ့ရင်းပြီး ပါဝင်ဖော်ဆောင်သူ၊ တိုက်ပွဲဝင်သူအဖြစ် မထမ်းဆောင်နိုင်ရင်တောင် ထောက်ပံ့ပေးတဲ့သူတော့ ဖြစ်ပါစေ။ ထောက်ခံသူအဆင့်ကနေ ရုန်းထွက်ကြပါ။ စွန့်လွှတ်စွန့်စားရဲပါစေ။ နှောင်ကြိုးမှတပါး ဆုံးရှုံးစရာမရှိ။

● ချာကိုး (Charcoal)




ရဲကြီးဆိုတာ ရဲမင်းဦးတဲ့။ ခင်ဗျားတို့ကြားသိပြီးသား ၄၄ လမ်းက အာဇာနည်တဦးပေါ့။ ညနေပိုင်း သတင်းစုံအသံတွေထွက်နေချိန် ကြားရတဲ့လူတွေလည်း ထူပူနေကြ၊ ဝမ်းနည်းကြ၊ အိပ်မရကြတွေ ဖြစ်ကြရတာပေါ့ဗျာ။ နောက်နေ့မနက်နိုးနိုးချင်းမှာ ဖေ့စ်ဘုတ်သုံးရင်းနဲ့ ရဲကြီးအဖေရဲ့ အင်တာဗျူးဆိုတာကို RFA ကနေ နားထောင်လိုက်ရတယ်။ သိပ်ကိုကောင်းတဲ့ ဖြေကြားချက်တွေပဲဗျာ။ တော်လှန်ရေးသမားတွေ၊ နိုင်ငံရေးသမားတွေနဲ့ NUG က ပုဂ္ဂိုလ်တွေ နားထောင်ပြီး စဉ်းစား အဖြေရှာသင့်တာတွေ တွေ့လိုက်ရတယ်။

"ရဲကြီးအဖေက သူ့သားလေး ၁၉၉၄ မှာမွေးတယ်ဆိုတာကို ထပ်ကာထပ်ကာပြောတယ်။ ၂၀၂၀ မှာ ကျောင်းပြီးတယ်။ အဲဒီအချိန်အထိ နိုင်ငံရေးမပြောခဲ့ဘူး။ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းသွားတော့ သပိတ်လမ်းကြောင်းထဲ ပါသွားခဲ့ပါတယ်။ မိဘတယောက်အနေနဲ့ မလုပ်နဲ့လည်းမတားခဲ့ဘူး။ သတိနဲ့လုပ်ဖို့ပြောခဲ့တယ်။ ဒီနေ့ မြို့ထဲက ၆ မြို့နယ် ပိတ်စစ်တယ်ဆိုတော့ စိတ်ပူလို့ သူ့သားဆီ ဖုန်းဆက်တာ ဆက်မရခဲ့ဘူး။" သူ့သား အကြောင်းတွေပြောပြတယ်။ တခြားပြောပြတဲ့ ကိစ္စတွေလည်း ရှိသေးတယ်။

ဒါတွေထက် ကျနော်တို့ စဉ်းစားတွေးတောရမယ့် အချက်ကတော့ အင်တာဗျူးအပြီးမှာ ရဲကြီးအဖေ ပြောတဲ့ စကားပါ ….။

■ ■ ■ ■

"ကျနော်ပြောချင်တဲ့ စကားလေး၊ ဆန္ဒလေးတခုတော့ ရှိတယ်ဗျာ။ ကျနော့်သား အခုကျဆုံးသွားတာနဲ့ ပတ်သက်ပြီးတော့ ကျနော့်သားက ခုန ကျနော်ပြောသလို ၁၉၉၄ မှာ မွေးတယ်။ သူက စစ်အာဏာရှင်စနစ်အောက်၊ ဦးသိန်းစိန်လက်ထက်၊ ဒေါ်အောင်ဆန်းစုကြည်လက်ထက်အောက် ဒီသက်တမ်းတလျှောက်မှာ ကျနော့်သားက နိုင်ငံရေးမပြောဘူးဗျ။

ဒီ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးတော့မှသာ ဒီ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ သူ ပါလာတယ်။ Defense တွေမှာပါလာတယ်။ နောက်ဆုံး သူ ကျဆုံးသွားတယ်ပေါ့ဗျာ။ ကျနော့်သားရဲ့နောက်မှာ Supporting (အထောက်အပံ့)မရှိဘူးဗျာ။ ကျနော့်သား တယောက်တည်းမဟုတ်ဘူးဗျာ။ ဒီလှုပ်ရှားနေတဲ့ လူငယ်တွေနောက်မှာ

ဆောင်းပါး

Supporting မရှိဘူး။ ကျနော်ဆိုလိုချင်တဲ့ အဓိပ္ပာယ်က နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူငယ်တွေကို စုစည်းမှုမရှိဘူးဗျာ။ အဲဒါ ကျနော်တို့ လွတ်လပ်ရေး၊ ခုတိုက်ပွဲအတွက် အရမ်းသတိထားရမယ့် Point ပေါ့ဗျာ။ ဒီလူငယ်တွေ အကုန်လုံးက စုစည်းနိုင်မှသာလျှင် အဆင်ပြေမယ်။

အဲဒီလိုမဟုတ်လို့ကတော့ ကျနော်တို့နိုင်ငံက အခု ဒီတိုက်ပွဲကြီးအောင်မြင်သွားရင် ကျနော်တို့ အရင် ဦးနုလက်ထက်မှာ လွတ်လပ်ရေးရပြီး ရောင်စုံသူပုန်တွေကွဲသလို ကွဲမယ်လို့ ကျနော်မြင်နေတယ်ဗျ။ အဲ့ဒါလေးတော့ ကျနော်ပြောချင်တယ်။

ဆိုလိုချင်တာက ခုနပြောသလို လိုင်းပေါ်တက်နေတဲ့ NUG တွေ၊ PDF တွေ၊ တောထဲသွားတဲ့သူတွေ၊ သင်တန်း တက်နေတဲ့သူတွေ၊ ဒါတွေက သူ့အပိုင်းနဲ့သူ လှုပ်ရှားနေတာပေါ့။ ဒါပေမဲ့ လက်ရှိ ကျနော့်သားရဲ့ဖြစ်စဉ်ကို ပြောရရင် ကျနော့်သားက တောထဲလည်း မသွားဘူး။ သင်တန်းလည်း မတက်ဘူး။ PDF လည်းမဟုတ်ဘူး။ NUG က ဦးရည်မွန်နဲ့လည်း မတွေ့ဖူးဘူး။ သူက သူ့အသိစိတ်ဓာတ်နဲ့ သူ့ရဲ့ လှုပ်ရှားမှု သူလုပ်ပြီး ခုအချိန်မှာ သူ ကျဆုံးသွားရတယ်။

ကျနော် ဒါကို အခု လှုပ်ရှားနေသူတွေ မြင်စေချင်တယ်။ အဲ့ဒီ အဖွဲ့အစည်းရဲ့နောက်မှာ ကြီးမားတဲ့ Supporting မရှိဘူး။ ကွင်းဆက်တွေမရှိဘူး၊ ခုလိုပြဿနာမျိုးတွေပေါ်လာလို့ လွတ်မြောက်နယ်မြေကို ရှန်းရတော့မယ်ဆိုရင် သူတို့က ဘယ်သွားရမှန်းမသိဘူး။ သွားဖို့နေရာမရှိဘူး။ ခုနလို တိုက်ပေါ်ကခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် Suicide (သတ်သေ)လိုက်ဖို့ပဲရှိတဲ့ သဘောတရားတွေဖြစ်နေတယ်။ ကျနော်မြင်နေတာ ကြာပါပြီ။ ကျနော် ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ "အဖြူကို မည်သူ အနက်ဆိုးသနည်း"ဆိုတဲ့ ဝတ္ထုလိုပဲ အဖြူထည်တွေကို အရောင် မဆိုးကြပါနဲ့။

ကျနော်တို့ရဲ့ Generation Z တွေက အဖြူထည်တွေပဲဗျာ။ အဲလို ကိုယ့်သားကိုယ်ကြည့်ပြီးတော့ ကျနော်သိတာ။ ၁၉၉၄ မွေးပြီးတော့ဗျာ အာဇာနည်နေ့လည်းမသိဘူးဗျာ။ ဗိုလ်ချုပ်အောင်ဆန်းမသိဘူး။ အောင်ဆန်းစုကြည်မသိဘူးဗျာ။ ဒီလိုလူလေး ဒီကလေးလေးက စစ်အာဏာသိမ်းမှ ဒီလမ်းကြောင်းပေါ်တက်သွားတယ်ဆိုတာက ကျနော် ရှင်းရှင်းပြောရရင် ဝမ်းလည်း ဝမ်းသာတယ် ဂုဏ်လည်း ယူတယ်။ သူတို့က သမိုင်းသင်လာတဲ့သူတွေ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ခံစားချက်နဲ့ သူတို့တက်သွားတာ။ ဒီလိုလူငယ်တွေအပေါ်မှာတော့ ဘာပဲပြောပြော ကြည့်ရှုစေချင်တယ်ပေါ့ဗျာ။"

သူ့အဖေရဲ့ပြောစကားတွေမှာ သူ့သားနဲ့ပတ်သက်တဲ့ အချက်အလက်အားလုံး မှန်ချင်မှ မှန်လိမ့်မယ်။ သို့ပေမယ့် သူ့အဖေရဲ့သုံးသပ်ချက်တွေဟာ မှန်ကန်နေတာတွေ့ရတယ်။ သူ့အဖေရဲ့ပြောစကားတွေမှာ လက်ရှိ NUG နဲ့ ထိစပ်နေတာတွေမဟုတ်ဘဲ၊ PDF မဟုတ်ဘဲ လှုပ်ရှားနေသူတွေရှိတယ်ဆိုတာ ပြောလို့ရတယ်။ ဒီလူငယ်လေးတွေဟာ ဂိမ်းနှိပ်နေရင်း ထလာကြတာ။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ထလာကြတာ။ ဖွန်ကြောင်နေရင်း ထလာကြတာ။ ဒီတိုက်ပွဲကို ဘယ်လိုတိုက်ရမယ်မသိဘူး။ ရရင်ရသလို တော်လှန်ပုန်ကန်နေကြတာ။ သပိတ်လည်းမှောက်တယ်။ ရှင်းလင်းရေးလည်း လုပ်တယ်။ ဒီနှစ်ခု ရောယှက်ရင် ပြဿနာရှိတယ်ဆိုတာလည်း မသိဘူး။ အဓိက သူတို့ဟာ ဗီယမ်ကောင်း(Viet Cong)တွေလို ရရင်ရသလို၊ ကြုံရင်ကြုံသလို ကြုံးကြမယ်၊ ပုန်ကန်ကြမယ် ဆိုတာမျိုး။ လေးစားစရာသိပ်ကောင်းတယ်။

ဆောင်းပါး

ဒီထဲမှာ တောထဲကပြန်လာသူတွေတောင် မပါတာလည်းဖြစ်နိုင်တယ်။ ပါရင်လည်း ပါနိုင်တယ်။ တောထဲကပြန်လာသူတွေမှာလည်း အဲ့ဒီပြဿနာရှိနေတတ်တယ်။ နည်းပညာပဲသင်ခဲ့ကြပြီး နည်းနာနဲ့ဝေးနေကြ–တာ။ နိုင်ငံရေးအတွေးအခေါ် ပျောက်နေကြတာ။ နည်းနာဆိုရာမှာ မြို့ပြပြောက်ကျားကို ဘယ်လိုဆင်နွှဲကြမလဲ။ ဘယ်အချိန်တွေလုပ်မလဲ။ ဒါတွေလေ့လာကြဖို့ လိုနေသေးတာ။ အတွေးအခေါ် ဆိုတာ ရှိကောင်း ရှိနိုင်ပေမဲ့ လက်နက်နဲ့ နီးစပ်လုပ်ကိုင်ရင် ဘယ်လိုခံယူချက်နဲ့သွားသင့်တယ်၊ အဆုံးစွန်ဘာတွေဖြစ်နိုင်တယ်။ ဘယ်လိုစည်းကမ်း တွေရှိရမယ်ဆိုတာတွေ လိုအပ်နေကြတာပဲ။

ဒို့ထက် ရဲကြီးအဖေပြောတဲ့ ရောင်စုံသူပုန်တွေ ဖြစ်သွားနိုင်တယ်ဆိုတဲ့အချက်ကို စဉ်းစားကိုစဉ်းစားရမယ်။ လက်နက်ကိုင်စုဖွဲ့မှုတွေ များနေတဲ့ကိစ္စ၊ လက်နက်ကိုင်လှုပ်ရှားမှုကို လူငယ်တွေ ကိုယ့်နည်းကိုယ့်ဟန်နဲ့ တပိုင်တနိုင်လုပ်နေကြတာဟာ ရေရှည်အတွက်ရော တော်လှန်ရေးအတွက်ပါ အဆင်ပြေမနေတာကို NUG အစိုးရလုပ်နေသူတွေရော၊ နိုင်ငံရေးသမားတွေရော၊ တော်လှန်ရေးသမားတွေပါ သိပြီးသားပါ။

ဒါတွေအတွက် ခင်ဗျားတို့ ဘာတွေလုပ်နေကြလဲ။ ဘာလုပ်ကြမလဲ။ ဒီအင်တာဗျူးကို အခြေခံပြီး ဆက်လက် တွေးတောကြဖို့ပါပဲ။ စာရေးသူထက် ခင်ဗျားတို့တွေ ပိုသိပြီးပိုတတ်ကြပါတယ်။ စဉ်းစားကြဖို့၊ အဖြေရှာကြဖို့ရေးရခြင်းပါပဲ။ လေနဲ့ပဲ တိုက်နေကြလို့မရသလို လက်ရှိ မြေပြင်အခြေအနေတွေနဲ့လည်း ဝေးနေလို့မရပါဘူး။ တော်လှန်ရေးမြန်မြန်အောင်ဖို့ဆိုရင် ခင်ဗျားတို့အနေနဲ့ ဝေဖန်တာလည်း ခံနိုင်ရမယ်။ လက်ရှိ အခြေအနေတွေကိုလည်း အမြဲသုံးသပ်နေရမယ်။ အဓိကလုပ်ရမယ့် အလုပ်က ဘာလဲဆိုတာလည်း သိဖို့လိုပါလိမ့်မယ်။

လူတွေ၊ အသက်တွေ ထပ်မပေးချင်တော့ပါဘူး။ ထပ်လည်းမပေးသင့်တော့ပါဘူး။
ခင်ဗျားတို့ ဘာလုပ်မှာလဲသာ ရေရေရာရာ အဖြေရှာကြပါ။

လူငယ်တွေက အဆင်သင့်ပါပဲ။
လူငယ်တွေက အဆင်သင့်ပါပဲ။

● မောင်စိမ့်

RFA နှင့် ရဲကြီးအဖေအင်တာဗျူးနားစဉ်ရန်။
https://www.youtube.com/watch?v=Vy2IoICD9KE

ရဲကြီးအဖေပြောတဲ့အထဲက "အဖြူကို မည်းသူ အနက်ဆိုးသနည်း"အသံဇာတ်ထုပ်နားစဉ်ရန်။
https://www.youtube.com/watch?v=-abpJpXB7Eo

# တပတ်အတွင်း သတင်းကောက်နုတ်ချက်

## ၄၄လမ်း ဖြစ်စဉ်တွင် စစ်ကောင်စီက သတင်းထိမ်ချန်ထုတ်ပြန်မှုရှိ

ရန်ကုန်၊ ဗိုလ်တထောင်မြို့နယ် ၄၄ လမ်းရှိ တိုက်ခန်းတစ်ခုကို ဩဂုတ် ၁၀ရက်နေ့တွင် စစ်ကောင်စီက အကြမ်းဖက်ဝင်ရောက်စီးနင်းစဉ် တိုက်ပေါ်မှခုန်ချသူ လူငယ် ၅ ဦးအနက် ၂ဦးမှာ နေရာ၌ပင် သေဆုံးခဲ့ပြီး ကျန် ၃ ဦးမှာ စစ်ဆေးရုံများတွင် ကုသမှုခံယူနေရ တယ်လို့ စကစဘက်က ထုတ်ပြန်ပြောဆိုထားပါတယ်။

ပြည်တွင်းသတင်းမီဒီယာများက ဖော်ပြချက်များတွင်မူ ဝင်ရောက်စီးနင်းခံရစဉ်အတွင်း ဖမ်းဆီးခံရသူ ၂ ဦး ရှိကာ ကိုကောင်းမင်းသန့်(ခ) Flex မှာသေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီး ကျန်သူများမှာ ခန့်မှန်းခြေအားဖြင့် ပေ၅၀ကျော်အမြင့်ရှိ တိုက်ပေါ်မှ ခုန်ချခြင်း သို့မဟုတ် ပြုတ်ကျခဲ့ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြကြပါတယ်။ စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်တွင် သေနတ်ဖြင့် ပစ်သတ်ခံရသည့် ကိုကောင်းမင်းသန့်(ခ) Flex ကို ဖော်ပြထားခြင်းမရှိခဲ့ပါဘူး။

## မန္တလေးအိုးဘိုထောင်တွင်း စစ်အာဏာရှင်ဆန့်ကျင်ရေး ကြွေးကြော်သံဆန္ဒပြသံများထွက်ပေါ်

မန္တလေး အိုးဘိုအကျဉ်းထောင်အတွင်းကနေ ဩဂုတ်လ ၈ ရက် ည ၉ နာရီလောက်က စစ်အာဏာရှင်ဆန့်ကျင်ရေး ကြွေးကြော်သံတွေ ထွက်ပေါ်လာပြီး မကြာခင်မှာ ထောင်အတွင်းက တရားသံအကျယ်ကြီးဖွင့်တဲ့အသံနဲ့ သေနတ်သံ နှစ်ချက် ထွက်ပေါ်လာတယ်လို့ ထောင်အနီး ပတ်ဝန်းကျင်နေထိုင်သူတွေဆီက သိရပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့ကလည်း ရန်ကုန်၊ အင်းစိန်ထောင်နဲ့ မန္တလေး အိုးဘိုထောင်တို့မှာ အလားတူကြွေးကြော်သံတွေနဲ့ ထောင်တွင်းကနေ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားတာတွေရှိခဲ့ပါတယ်။

## ဇူလိုင်လအတွင်း အကြမ်းဖက် စစ်ကောင်စီဘက်က ၅၅၀ ခန့်သေဆုံးဟု NUG ထုတ်ပြန်

ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ တနိုင်ငံလုံး တိုက်ပွဲနဲ့ ပဋိပက္ခဖြစ်စဉ် ၃၅၅ ခုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီဘက်က အယောက် ၇၄၃ယောက် သေခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရရဲ့ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်ပါတယ်။


ဒီထဲမှာ လက်နက်ကိုင်တိုက်ပွဲ အကြိမ်ပေါင်း ၆၀ ၊ စကစရဲ့အလိုတော်ရိတွေ လုပ်ကြံခံရတာက ၈၇ ကြိမ်၊ လက်နက်ကိုင်ခုခံမှုက ၆၂ ခု၊ ပေါက်ကွဲမှုက ၇၅ ခု၊ အရပ်သားတွေအပေါ် အကြမ်းဖက်တာ ၆၉ ခု၊ ပေါက်ကွဲမှုက ၇၅ ခုနဲ့ စစ်ကောင်စီအချင်းချင်းပစ်ခတ်တာက ၂ကြိမ်ပါဝင်ပါတယ်။ ဒီဖြစ်စဉ်တွေကြောင့် စစ်ကောင်စီဘက်က ၇၄၃ ယောက် သေဆုံး၊ ၃၆၉ ယောက် ဒဏ်ရာရပြီး ပြည်သူတွေဘက်က ၁၉၉ ယောက် သေဆုံး၊ ၄၇ ယောက် ဒဏ်ရာရခဲ့ပါတယ်လို့ ပါရှိပါတယ်။

## ကိုဗစ်ကာကွယ်ဆေး နိုင်ငံခြားမှဝယ်နေပါက တိုင်းပြည်မွဲသွားလိမ့်မည်ဟု အာဏာသိမ်းစစ်ခေါင်းဆောင်ပြော

မြန်မာပြည်သူလူထု သန်း ၅၀ ကျော်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး နိုင်ငံခြားကနေ တချိန်လုံး ဝယ်နေပါက တိုင်းပြည်မွဲသွားလိမ့်မယ်လို့ အာဏာသိမ်းစစ်ခေါင်းဆောင် မအလက ဩဂုတ် ၉ရက်နေ့က ပြောကြားလိုက်ပါတယ်။ ပြည်နယ်အသီးသီးမှာရှိတဲ့ တိုင်းရင်းဆေးပညာရှင်များနဲ့ တွေ့ဆုံဆွေးနွေးပြီး တဖုံထည့်မယ်တို့၊ နှစ်ဖုံထည့်မယ်တို့လုပ်ပြီး စကေးလ် အတိအကျနဲ့ သိပ္ပံနည်းစနစ်ကျကျ ကိုဗစ်-၁၉ကာကွယ်ကုသဆေးကို ပြည်တွင်းမှာပဲ လက်တွေ့ကျကျ ဖော်ထုတ်သွားမယ်လို့ မအလကဆိုပါတယ်။

# တပတ်အတွင်း သာရေးသတင်းများ

## အသုဘစက်ဝိုင်း




**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်
- ရှမ်း – ကယားနယ်စပ် ဖယ်ခုံမြို့နယ်နှင့် ဖရူဆိုမြို့နယ်ကြား
- မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့ မြို့မရဲစခန်း (ရဲအချင်းချင်း ရန်ဖြစ်)
- ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး
- ကလေးမြို့နတ်ချောင်း နှင့် ချင်းပြည်နယ်အစပ်
- ကရင်နီဒေသ၊ ဖရူဆိုမြို့နယ် ထေးကလူဒေါကျေးရွာအနီး
- စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဖိုလ်ဝင်တောင်လမ်းခွဲ

**ဒလန်ရှင်းနယ်မြေများ**

- ရန်ကုန်၊ တောင်ဒဂုံမြို့နယ် (၅၄) ရပ်ကွက်
- လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးသစ်

**ဒလန်အမျိုးအစား**

- အုပ်ချုပ်ရေးမှူး(၁)၊ ယာဉ်ထိန်းရဲ (၁)

**မုံးပေါက်ကွဲခဲ့သည့် စကစနှင့်ပတ်သက်ရုံးများ၊ စခန်းများ**

- ရန်ကုန်မြို့ အင်းစိန် (ဗဟိုအကျဉ်းထောင်အနီး)
- ဒီပဲယင်းမြို့နယ်၊ ဆိုင်ပြင်မြို့ (ရဲစခန်း)
- ပဲခူးမြို့ (သီရိဟံသာစခန်းမတွင် စစ်ခွေးကင်း)
- မကွေးမြို့ (မကွေးလေတပ်စခန်းဝင်း)
- တောင်ဒဂုံ၊ ဘုန်းကြီးကျောင်းကွေ့နဲ့ ၅၄ မှတ်တိုင်ကြား (လှည့်ကင်းရဲ)
- မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း (နယ်မြေ ရဲစခန်း)
- စစ်ကိုင်းတိုင်း၊ ကောလင်းမြို့ကားကြီးဝင်းအနီး (လှည့်ကင်းရဲ)
- မကွေးတိုင်း၊ ဂန့်ဂေါ – ကလေး လမ်းပိုင်း (စစ်ကောင်စီယာဉ်တန်း)
- ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (YMBA နဲ့ မြို့မရဲစခန်းအနီး)

ဩဂုတ် ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ တိကျခိုင်လုံသော သတင်းဌာနများမှ ဖေါ်ပြချက်များကို မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။
တိကျပြီးလက်လှမ်းမီသော အချက်အလက်များကိုသာ စုစည်းထားခြင်းဖြစ်သောကြောင့် စာရင်းမသိသော သာရေးသတင်းများကိုလည်းတွေးဆဝမ်းသာနိုင်ပါကြောင်း......

**ဆက်သွယ်ရန်**

**FACEBOOK** - facebook.com/Molotov.to.read
**TELEGRAM** - t.me/molotovtoread2121
**E-MAIL** - submit.molly@protonmail.com

မိုလိုတော့ဗ်စာစဉ်နှင့် ပက်သက်ပြီး အကြံပေးလိုသည်များ၊ ဝေဖန်လိုသည်များကို ပွင့်လင်းရင်းနှီးစွာ စာလှာပေးပို့ နိုင်ပါသည်။ အရေးအသားစာမူများနှင့်ဓာတ်ပုံများ၊ အနုပညာလက်ရာမှန်သမျှကိုလည်း ပေးပို့ရန် ဖိတ်ခေါ်ပါသည်။ မိုလိုတော့ဗ်စာစဉ် အယ်ဒီတာအဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်လိုပါက Telegram Account @MolotovtoRead သို့ စာပို့ဆက်သွယ်နိုင်ပါသည်။